ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-6-2005)(၄၆၂၀)

မြန်မာ–တရုတ် သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် သဝဏ်လွှာများ အပြန်အလှန်ပေးပို့

ရန်ကုန် ဇွန် ၈

၂၀၀၅ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံတော်ဒုတိယအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား အောက်ဖော်ပြပါ သဝဏ်လွှာများကို အပြန်အလှန် ပေးပို့ခဲ့ကြပါသည်–

ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုစိတ်ဓာတ်ဖြင့် နှစ်နိုင်ငံအကြား ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို လက်တွဲဖြေရှင်းသွားရန် အလေးအနက်ဆန္ဒရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူအပေါင်းထံသို့လည်းကောင်း လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့စဉ်မှစတင်၍ ကျွန်ုပ်တို့နှစ်နိုင်ငံအား စည်းနှောင်ထားသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ပိုမိုတိုးတက်ခိုင်မြဲခဲ့ပြီး နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုသည်လည်း ပိုမိုတိုးတက်လာခဲ့ပါသည်။ ဤ(၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယသည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြင့်မားသောအနေအထားသို့ မြှင့်တင်ပေးသည့် အရှိန်အဟုန်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုစိတ်ဓာတ်ဖြင့် နှစ်နိုင်ငံအကြား ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံအများနှင့် စုပေါင်း၍ဖြစ်စေ ဆက်လက်၍ လက်တွဲဖြေရှင်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့ အလေးအနက်ဆန္ဒရှိပါသည်။ ယင်းကဲ့သို့ ကြိုးပမ်းအားထုတ်မှုများသည် နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေမည်ဟု ကျွန်ုပ် အပြည့်အဝယုံကြည်ပါသည်။

ဤအခါသမယတွင် အဆွေတော် ကျန်းမာစေရန်နှင့် အောင်မြင်စေရန်အတွက်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်သူအပေါင်း ဆက်လက်တိုးတက် သာယာဝပြောစေရန်အတွက်လည်းကောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ချစ်ကြည်ရေးကို တန်ဖိုးထား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ဟူကျင်တောင်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့သည့်သဝဏ်လွှာ–

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်အခါသမယတွင် အကျွန်ုပ်အနေဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ၊ ပြည်သားအပေါင်းမှလည်းကောင်း အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ၊ ပြည်သားအပေါင်းထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေမြေတောတောင်ချင်း ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား နက်ရှိုင်းသော ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုရှိကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့ရာတွင် မြန်မာနိုင်ငံသည် အစောဆုံး သံတမန်အဆက်အသွယ်ထူထောင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဤ(၅၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံမှ ပူးတွဲချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်၏ ထိန်းကျောင်းမှုဖြင့် တရုတ်–မြန်မာဆက်ဆံရေးသည် အလျင်အမြန် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံတကာအခြေအနေများနှင့် ပြည်တွင်းအခြေအနေများကို မှတ်ကျောက်တင်နိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် တရုတ်–မြန်မာချစ်ကြည်ရေးကို တန်ဖိုးထားပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဆက်လက်၍ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့သွားရန် ဆောင်ရွက်သွားပါမည်။

ထို့ပြင် ယခုရာစုနှစ်သစ်အတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘက်စုံချစ်ကြည် ပူးပေါင်းဆောင်ရွက်ရေး၊ အိမ်နီးချင်းကောင်း ဆက်ဆံရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပြီး အစဉ်အမြဲ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းဖြစ်ရေးအတွက် အားထုတ်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူ၊ ပြည်သားများ သာယာဝပြောမှုရှိစေရန်နှင့် တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှုကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားနိုင်ရန်နှင့် အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်နေစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ကျောဖုံးသို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈-၆-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

လမ်းသစ်၊ တံတားသစ်များ ဖောက်လုပ် တည်ဆောက်ဖွင့်လှစ် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မြဲ

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ဒုဋ္ဌဝတီတံတား (နောင်ချို)ဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၆ ရက်နေ့က အဆိုပါ တံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဒုဋ္ဌဝတီတံတား (နောင်ချို)ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနှံ့၌ လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ တည်ဆောက်နေခြင်းသည် မြစ်ခြားချောင်းခြားဖြစ်နေသည့် ဒေသအားလုံး တစ်ဆက်တစ်စပ်တည်းရှိလာပြီး တိုင်းရင်းသား ညီအစ်ကိုများအကြား ရင်းရင်းနှီးနှီး အသိပညာဗဟုသုတများ ဖလှယ်နိုင်ရန်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကုန်စည်ရောင်းဝယ်ဖလှယ်နိုင်ရန် စသည့် ကျယ်ပြန့်သော စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်လာရေး အကျိုးဆက်များအတွက်ကြောင့်ပင်ဖြစ်ကြောင်း** ထည့်သွင်းပြောကြားသွားသည်။

ဒုဋ္ဌဝတီတံတား (နောင်ချို)သည် ၄၆၅ ပေရှည်သော သံကူကွန်ကရစ် ကြမ်းခင်းတံတားဖြစ်ပြီး ရွှေညောင်-ရပ်စောက်- အင်တော-ကျောက်ဂူ-နောင်ချိုလမ်းပေါ်တွင်ရှိသည်။ နောင်ချိုမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့အကြား ခြားနေသည့် ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသဖြင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၆၇ ရွာမှ ကျေးလက်ပြည်သူ သုံးသောင်းကျော်တို့ အလွယ်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့ ဆက်သွယ်သွားလာရာတွင် ယခင်ကကဲ့သို့ မန္တလေးတိုင်းမှတစ်ဆင့် လှည့်ပတ်၍သွားစရာမလိုတော့ဘဲ နောင်ချို-ကံကြီး-တောင်ခမ်း-ကျောက်ဂူ-ရပ်စောက်- ရွှေညောင်ကားလမ်းသစ်အတိုင်း ခရီးမိုင် ၁၀၀ တိုတောင်းစွာ သွားလာနိုင်ပြီဖြစ်သည်။ ယခုအခါ အဆိုပါ လမ်းမပေါ်ရှိ ဒုဋ္ဌဝတီမြစ်ကူးတံတားကို တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် (တောင်ပိုင်း)အကြား ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုတွင်ကျယ်လာသည့်အပြင် တိုင်းရင်းသား အချင်းချင်း ရင်းနှီးချစ်ကြည်စည်းလုံးညီညွတ်မှုကို ပိုမိုတိုးပွား ဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာစေရန် လမ်း၊ တံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေခြင်းကြောင့် နယ်မြေဒေသတစ်ခုတည်းအတွက်သာမက ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်အတွင်း ပြည်သူများလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရန် အောင်ပန်း-ပင်လောင်း-လွိုင်ကော် ရထားလမ်း၊ ရွှေညောင်-ရပ်စောက်ရထားလမ်း၊ ရွှေညောင်-တောင်ကြီး ရထားလမ်း၊ တောင်ကြီး-ဘန်းယဉ်-ဆိုက်ခေါင်ရထားလမ်း၊ နမ့်စန်-မိုးနဲ ရထားလမ်းစသည့် ရထားလမ်းကြောင်းသစ်များကို ကြိုးပမ်း တည်ဆောက်လျက်ရှိသည်။

အလားတူ တာချီလိတ်လေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ နန့်စန်လေဆိပ်နှင့် လားရှိုးလေဆိပ်တို့ကိုလည်း တိုးချဲ့ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် သံလွင်မြစ်ကူးတံတားသစ်များဖြစ်သည့် တာကော် အက်တံတား၊ တာဆန်းတံတားနှင့် တာပါးတံတားတို့ကိုပါ ဆောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ဒုဋ္ဌဝတီတံတား(နောင်ချို)သည် နိုင်ငံတော်တစ်ဝန်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၁၉၉ စင်းတွင် အပါအဝင်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်က ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများစွာကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ အား၊ ပြည်သူများ၏ အား၊ တပ်မတော်သားများ၏ အားတို့ဖြင့် ညီညီညွတ်ညွတ် ပေါင်းစည်းဆောင်ရွက်ပေးနိုင်မှုကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ခိုင်မာမြဲမြံသော ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ပေါ်ထွန်းလာသည့်ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု လမ်းသစ်၊ တံတားသစ်များသည် ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့လာစေပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုတိုးတက် ခိုင်မြဲလာစေမည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ သောက်သုံးရေပိုမိုရရှိစေရေး ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဦးမောင်ပါတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(ရန်ကုန်တိုင်း)

ဖူးကြီးကျေးရွာ သောက်သုံးရေ ပိုမိုရရှိစေရေး ရေပိုက်လိုင်းဖွင့် တိုင်းမှူးနှင့် ဒုတိယမြို့တော်ဝန် တက်ရောက်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ သောက်သုံးရေပိုမိုရရှိစေရေး ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဖူးကြီးကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရေးဦးစွာ မင်္ဂလာအချိန် ကျရောက်သည်နှင့် ဖူးကြီးကျေးရွာ ရေပိုက်လိုင်းကို တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဦးမောင်ပါတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဂျိုးဖြူရေလှောင်ကန်မှ ရန်ကုန်မြို့တော်သို့ ရေပေးဝေနေသည့် အချင်း ၅၆ လက်မရှိ သံမဏိရေပို့ပိုက်မကြီးမှတစ်ဆင့်ရေဆက်သွယ်ကာ ဖူးကြီးကျေးရွာရှိ ကွန်ကရစ်ရေကန်မှတစ်ဆင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ ပိုမိုရရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဦးဆောင်ဆောင်ရွက် ပြီးစီးခဲ့သည့် ဖူးကြီးကျေးရွာ ရေပိုက်လိုင်းသစ် ဖွင့်လှစ်နိုင်ခြင်းနှင့် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန်ဦးမောင်ပါက ဖူးကြီး ကျေးရွာသောက်သုံးရေ ပိုမိုရရှိစေရန် ဆောင်ရွက်ခဲ့ရမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ဖူးကြီးကျေးရွာနေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို ဖူးကြီးကျေးရွာ အုပ်စု အသင်းစည်းရုံးရေးမှူးဦးလှစိုးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါက လက်ခံသည်။ (သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးသင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၄/၅) သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ အကြံပေးပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ရည်မှန်းချက်ပန်းတိုင် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားတွင် မိမိတို့၏ တာဝန်ပိုင်းအရေးကြီးမှုကို နားလည်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်၏ မူဝါဒကိုလည်းအမြဲတမ်း မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုပညာ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပညာရပ်များကို ရာထူးအဆင့်အတန်းနှင့်လျော်ညီစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ အဆင့်မြင့်သင်တန်းများ ပို့ချ ပေးရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

သင်တန်းသို့ ပြည်နယ်၊ တိုင်းများမှ သင်တန်းသား ၅၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

ရေးပဝေသဏီကပင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှု ရှိခဲ့ကြပါသည်။ သံတမန်အဆက်အသွယ်ပြုလုပ်ခဲ့သည့် လွန်ခဲ့သည့် (၅၅)နှစ်မှစတင်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်ကို တစိုက်မတ်မတ် လေးစားလိုက်နာခဲ့ကြပါသည်။ တရုတ်–မြန်မာဆက်ဆံရေးသည် သမိုင်းနှင့် အချိန်ကာလ၏ စမ်းသပ်မှုများကို မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။

နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသသော တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ဖန်တီးသွားနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာပြည်သူ၊ ပြည်သားများ သာယာဝပြောမှုရှိစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့သည့် ချစ်ကြည်ရင်းနှီးပြီး မျက်မှောက်နှစ်နိုင်ငံဆက်ဆံရေးကို နောင်မျိုးဆက်သစ်များက ပိုမိုတိုးတက် ခိုင်မြဲစေလိမ့်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာရှိသည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကိုယ်စားလည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော လွန်ခဲ့သည့်(၅၅)နှစ်တာကာလမှသည် ယခုထက်တိုင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသည့် အစဉ်အလာအရ တည်မြဲခဲ့သည့် “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေးကို ကျွန်ုပ်တို့ ထိန်းသိမ်းနိုင်ခဲ့ပါသည်။

တန်းတူညီတူရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ကို အခြေခံ၍ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြားအကျိုးတူနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် ဆက်လက်၍ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားလိုပါသည်။

အစဉ်အဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ထူထောင်ခဲ့ကြပြီး လက်ရှိခေါင်းဆောင်ကြီးများက ပြုစုပျိုးထောင်ကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် မျက်မှောက်နှစ်နိုင်ငံ ဆက်ဆံရေးကို နောင်မျိုးဆက်သစ်များက ပိုမိုတိုးတက်ခိုင်မြဲစေလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။

တရုတ်–မြန်မာ ဆက်ဆံရေး ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရန်နှင့် ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန် မြန်မာအစိုးရနှင့် လက်တွဲကြိုးပမ်းသွားလို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ–

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရက်မြတ်အခါသမယတွင် အကျွန်ုပ်အနေဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရထံသို့ လှိုက်လှဲစွာ ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ရှေးပဝေသဏီကပင် တရုတ်၊ မြန်မာလူမျိုးတို့သည် ချစ်ကြည်ရင်းနှီးစွာ၊ သဟဇာတဖြစ်စွာ နေထိုင်ခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများ၏ အသည်းနှလုံးများတွင် ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသည် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိနေပါသည်။ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော လွန်ခဲ့သည့် (၅၅)နှစ်တာကာလမှစတင်၍ နှစ်နိုင်ငံပြည်သူများ၏ ပူးပေါင်းကြိုးပမ်းမှုနှင့် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အလေးထား စောင့်ရှောက်မှုများကြောင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် ကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်မှု၊ အကျိုးတူစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံရေးယုံကြည်မှု စသည့် နယ်ပယ်စုံတွင် အောင်မြင်မှုရလဒ်များ ရရှိလျက်ရှိပါသည်။

တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသသော ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးထားပြီး အိမ်နီးချင်းနိုင်ငံများကို စေတနာကောင်းထား၍ မိတ်ဖက်အဖြစ် ဆက်ဆံသွားရေးမူကိုကျင့်သုံး၍ ချစ်ကြည်ရင်းနှီးမှုရှိသည့် တရုတ်–မြန်မာဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရန်နှင့် အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အစဉ်အလာရှိသော ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန် မြန်မာအစိုးရနှင့် လက်တွဲကြိုးပမ်းသွားလိုပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူ၊ ပြည်သားများ သာယာဝပြောမှုရှိစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာရှိသည့် နှစ်ပတ်လည်အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်ကြောင့် (၅၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ခိုင်မြဲစွာတည်ရှိပြီးဖြစ်သည့် “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ပိုမိုတိုးတက်ခိုင်မာမှုရှိခဲ့သည်ကို ကျွန်ုပ်အနေဖြင့် ကျေနပ်အားရစွာ သတိပြုမိပါသည်။

လာမည့်နှစ်များ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့်လည်းကောင်း၊ နှစ်ဖက်နားလည်မှု တိုးမြှင့်သွားခြင်းအားဖြင့်လည်းကောင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက် ခိုင်မြဲစေနိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်။

နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ဆက်ဆံရေးကို ဆက်လက်တိုးတက်စေရန် မနားမနေ ကြိုးပမ်းသွားလို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီကျောက်ရှင်းထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ–

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာရှိသည့် နှစ်ပတ်လည်အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

သံတမန်အဆက်အသွယ်ပြုလုပ်ခဲ့သည့် လွန်ခဲ့သည့်(၅၅)နှစ်မှစတင်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုအခြေခံ၍ အိမ်နီးချင်းကောင်းပီသမှုနှင့် ချစ်ကြည်ပူးပေါင်းဆောင်ရွက်မှုရှိသည့် တရုတ်–မြန်မာဆက်ဆံရေးသည် ဆက်လက်ပိုမိုနက်ရှိုင်းစွာ တိုးတက်လျက်ရှိပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအကြားလည်း နီးကပ်စွာ ညှိနှိုင်း၊ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။

အကျွန်ုပ်အနေဖြင့် အဆွေတော်နှင့်အတူ နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံရေးကို ဆက်လက်တိုးတက်စေရန် မနားမနေ ဆက်လက်ကြိုးပမ်းသွားလိုပါသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ဆက်သွယ်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ၆၁၅/ဒီ မာလာလမ်းသွယ် ပြည်လမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သည့် ဦးကျော်ဖေ–ဒေါ်နုတို့အားရည်စူး၍ ဒေါက်တာသံဒါဖြူမောင်နှမတစ်စုနှင့် မြေးများက ငွေကျပ်နှစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

၂၀၀၅ခုနှစ်၊ ဇွန်လ ၁၄ရက်

သင့်သွေးလက်ဆောင်ပေးနိုင်ဖို့ သွေးလှူဒါနပြုကြစို့

Celebrating Your gift of blood

မြန်မာနိုင်ငံကြက်ခြေနီအသင်း

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်နေသော နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းကြီး ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘအမှူးထား၍ တာမွေမြို့နယ် ဒွေးကြွယ်ရပ်ကွက် သမ္မာဒိဋ္ဌိလမ်းနေ ကိုအောင်နိုင်–မရီရီမွန်၊ သား မောင်ရဲလင်းအောင် မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်းကို ဇွန် ၅ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင် လက်ခံစဉ်။ (၆၄)

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ထိုင်းတွင်ကျင်းပ ဂေဟစနစ် ရှင်သန်တိုးတက်ရေး ပြည်သူများ ပါဝင်လှုပ်ရှား

ဗန်ကောက် ဇွန် ၆

ထိုင်းနိုင်ငံတွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို တနင်္ဂနွေနေ့က နိုင်ငံတစ်ဝန်းတွင် ကျင်းပသည်။ ထိုင်းပြည်သူများသည် သဘာဝဂေဟစနစ် ရှင်သန်တိုးတက်စေမည့် အစီအစဉ် အများအပြားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း ထိုင်းသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း ကရာဘီပြည်နယ်တွင် နိုပါရတ်သာရာပင်လယ်ကမ်းခြေ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် လှုံ့ဆော်ပေးနိုင်ရန် သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီး ယောင်ယွတ်တီယာပီရတ် ဦးဆောင်ပြီး သစ်တောဌာနမှတာဝန်ရှိသူများ၊ သတင်းထောက်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း ထိုင်းသတင်းအေဂျင်စီက ထုတ်ပြန်သော သတင်းတွင် ဖော်ပြထားသည်။

ပါဝင်လှုပ်ရှား

ခေတ်ပေါ်တေးဂီတအဖွဲ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် လှုံ့ဆော်သော တေးသီချင်းများဖြင့် ဖျော်ဖြေတီးမှုတ်ခြင်း၊ သဘာဝ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးက နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်သည့် ရုပ်မြင်သံကြား အစီအစဉ်မှတစ်ဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် ဟောပြောခြင်းတို့ရှိကြောင်း၊ ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်များတွင် ပါဝင်လှုပ်ရှားခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အရေးယူ

ထိုစဉ်အတွင်း နိုင်ငံတစ်ဝန်းရှိ အမျိုးသားသစ်တောဥယျာဉ် ၁၄၈ခုက ကမကထပြုလျက် မြေပြင်နှင့်ပင်လယ်ပြင်ရှိ အမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းသည့်လုပ်ငန်းများကိုလုပ်ဆောင်ကြကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေများအား ချိုးဖောက်သူများကို အရေးယူနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းများဖြင့် အကောင်အထည်ဖော်မည့် အစီအစဉ်တစ်ရပ်ကိုလာမည့်ကြာသပတေးနေ့တွင် စတင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အာမဲလ်ဒေသတွင် ပစ်ခတ်မှုနှင့်ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို ဇွန် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်အလယ်ပိုင်းရှိ စစ်ဆေးရေးဂိတ်၌ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

တီကရစ် ဇွန် ၆

အီရတ်နိုင်ငံအလယ်ပိုင်းတစ်နေရာ၌ ဖွင့်လှစ်ထားသော စစ်ဘက်စစ်ဆေးရေးဂိတ်တစ်ခုတွင် ဇွန် ၅ ရက်က ကားဗုံးတစ်လုံးပေါက်ကွဲရာ အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားပြီး အရပ်သား တစ်ဦးအပါအဝင် အခြားလူသုံးဦးတို့ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသည့် သတင်းက ဆိုသည်။

ဆာလာဒင်ပြည်နယ် ဘာလက်မြို့နှင့် အယ်လ်ဒူရီယာမြို့နှစ်မြို့အကြားရှိ စစ်ဆေးရေးဂိတ်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီက အဆိုပါ ကားဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဘာလက်ရဲစခန်းမှ ရဲအရာရှိ မိုဆန်အီဘရာဟင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖောက်ခွဲခဲ့

တိုက်ခိုက်ရာ၌ အသုံးပြုသော ကားအမျိုးအစားမှာ ကေအိုင်အေဆီဒင် အမျိုးအစားဖြစ်ပြီး ကားပေါ်တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းအပြည့်တင်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

အီရတ်နိုင်ငံတွင် အစိုးရအသစ်က ဧပြီလနှောင်းပိုင်းမှစ၍ အုပ်ချုပ်ရေးကို တာဝန်ယူပြီး နောက်ပိုင်း၌ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အသက်ဆုံးရှုံးရသူ စုစုပေါင်းမှာ ၇၀၀ ကျော်သွားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေအားလျှပ်စစ်လုပ်ငန်း ဖွံ့ဖြိုးရေး နိုင်ငံတကာညီလာခံ နီပေါတွင် ကျင်းပမည်

ခတ္တမန္ဒူ ဇွန် ၆

ရေအားလျှပ်စစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးချဲ့ရေးနှင့် ပတ်သက်၍ ဆွေးနွေးရန် နိုင်ငံတကာညီလာခံတစ်ရပ်ကို လာမည့် ရက်သတ္တပတ်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ယင်းညီလာခံကို နီပေါလျှပ်စစ်လုပ်ငန်းအဖွဲ့၊ အိန္ဒိယဗဟို ရေအားလျှပ်စစ်လုပ်ငန်းအဖွဲ့နှင့် နိုင်ငံတကာလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ပေးပို့မှုနှင့်တိုးချဲ့မှု ဆောင်ရွက်ရေးအသင်းတို့က ပူးတွဲကျင်းပမည်ဖြစ်ပြီး၊ အာရှ-အာဖရိကနိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရေအားလျှပ်စစ်လုပ်ငန်းနှင့် ဆက်နွှယ်နေသူ ၃၅၀ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း နီပေါလျှပ်စစ်လုပ်ငန်းအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဂျနက်လားလ်ကာမာချာယာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ရေအားလျှပ်စစ် လုပ်ငန်းအမှုဆောင်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ၏ ပါဝင်ဆောင်ရွက်မှု၊ လျှပ်စစ်ဓာတ်အားတိုးချဲ့ခြင်းနှင့်ပေးပို့ခြင်း၊ ပတ်ဝန်းကျင်ရေးရာနှင့်ဥပဒေရေးရာ သဘောထားအမြင်များ၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ရေအားလျှပ်စစ်လုပ်ငန်းများနှင့် ရေအားလျှပ်စစ်စီမံကိန်းများ စီမံခန့်ခွဲမှုစသည့် ခေါင်းစဉ်များဖြင့် လုပ်ငန်း ဆိုင်ရာစာတမ်း ၆၀ ကို ညီလာခံတွင် တင်သွင်းမည်ဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်အရှေ့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး ဇွန် ၆

အာဖဂန်နစ္စတန်နိုင်ငံ ပတ်စ်တီကာပြည်နယ် အရှေ့တောင်ပိုင်းတွင် ဇွန် ၃ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီး စကားပြန်တစ်ဦး အပါအဝင်လူနှစ်ဦးတို့ဒဏ်ရာရရှိသွားကြောင်း စနေနေ့က ထုတ်ပြန်သော စစ်ဘက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန် ၃ ရက်က အော်ဂန်အီးအရပ်တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲသွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ရေးသားထားသည်။ ကန်စစ်သားများနှင့်အတူလိုက်ပါသွားသောအာဖဂန်နစ္စတန် စကားပြန်တစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများက ဆိုသည်။

ဒဏ်ရာရရှိသူများကို ဆာလီယာနိုရှေ့တန်းအခြေစိုက်ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် သယ်ယူသွားကြောင်း သိရသည်။ လွန်ခဲ့သောနှစ်လအချိန်မှစ၍ ရေတွက်လျှင် အာဖဂန်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် လူ ၁၀၀ ကျော်တို့အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ သေဆုံးသူများတွင် အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၊အကူအညီပေးရေး လုပ်သားများနှင့်အရပ်သားများ ပါဝင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွန်ဒိုလီဇာရိုက်စ်၏ ဝေဖန်ပြောကြားမှု အီရန်အစိုးရပယ်ချ မိမိတို့နိုင်ငံရေးလုပ်ငန်းစဉ်ကို ကန်က ချပြရန်မလိုအပ်ဟုပြောကြား

တီဟီရန် ဇွန် ၆

အီရန်နိုင်ငံတွင် မကြာမီကျင်းပမည့် သမ္မတရွေးကောက်ပွဲနှင့် ပတ်သက်၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏ ဝေဖန်ပြောကြားချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပယ်ချလိုက်ကြောင်း အိုင်အာအင်န်အေ သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ရင့်ကျက်

မိမိတို့ ဒေသအတွင်း ကျင့်သုံးရမည့် နိုင်ငံရေးလုပ်ငန်းစဉ်ကို အမေရိကန်က ချပြနေရန် မလိုအပ်ကြောင်း၊ မိမိတို့သည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်လောက်အောင် နိုင်ငံရေးအရ ရင့်ကျက်ပြီးဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်-ရီဇာအဆက်ဖီက ပြောကြားသည်။

ဝေဖန်

အရှေ့အလယ်ပိုင်း ဒေသတွင် အနောက်တိုင်းပုံစံ ဒီမိုကရေစီမြှင့်တင်လိုသည့် အမေရိကန်အစိုးရ၏ မူဝါဒများနှင့်ပတ်သက်၍ ရိုက်စ်က ပြီးခဲ့သည့် မေလကုန်တွင် ဝေဖန်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်နေခြင်းကြောင့် ရိုက်စ်၏ ဝေဖန်ပြောကြားချက်များသည် သံတမန်ဆန်ကြောင်း၊ အီရန်နိုင်ငံနှင့် ပတ်သက်၍ သူမတွင် ဗဟုသုတမရှိပုံကို သူမ၏ မှတ်ချက်စကားများက ဖော်ညွှန်းနေကြောင်း အီရန်နိုင်ငံခြားရေးဌာန ပြောဆိုခွင့်ရှိသူက ပြောကြားသည်။

ကျင်းပမည်

အီရန်နိုင်ငံတွင် ဇွန် ၁၇ ရက်၌ သမ္မတရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ အီရန်နိုင်ငံရှိ အုပ်ချုပ်သူများ ကောင်စီသည် ရွေးကောက်ပွဲ၌ သမ္မတလောင်း ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်နေရာတွင် အီရတ်တစ်ဦးအား စစ်ဆေးနေသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ခတ္တမန္ဒူ၌ ဆေးခြောက် ၅၀၇ ကီလိုဖမ်းမိ

ခတ္တမန္ဒူ ဇွန် ၆

နီပေါနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနသည် ခတ္တမန္ဒူမြို့ရှိ အိမ်တစ်အိမ်မှ ဆေးခြောက် ၅၀၇ ကီလိုကို သိမ်းဆည်းရမိလိုက်သည်။

ဖမ်းဆီး

နီပေါနိုင်ငံအလယ်ပိုင်း နူဝါကောခရိုင် မဒင်ပူရ်ရွာသား ဂဂျာဘီလားမားကို ဆေးခြောက်များ လက်ဝယ်ထားရှိမှုဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဝင်ရောက်ရှာဖွေ

မြို့တော်ခတ္တမန္ဒူ ဘစ်ရှန်းမတီးအရပ်ရှိ ဂဂျာဘီလားမား ငှားရမ်းနေထိုင်သည့် အိမ်ခန်းကို ကြာသပတေးနေ့ညက ဝင်ရောက်ရှာဖွေရာတွင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသော ဆေးခြောက်များကို တွေ့ရှိပြီးနောက် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် တီထွင်ကြံဆ လုံ့လဝီရိယစိုက်ကြိုးပမ်း တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများလုပ်ကိုင်ရင်း အဖျက်အန္တရာယ်များကျဆုံးစေရန် ဝိုင်းဝန်းလုပ်ဆောင်

ရန်ကုန် ဇွန် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန၊ ရန်ကုန်နှင့် မန္တလေးပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ(AGTI)ဒီပလိုမာရရှိကြသည့် ကျောင်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသည့် သင်တန်းဆင်းကျောင်းသားများနှင့် ကျောင်းသား မိဘများဖြစ်ကြသည့် တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဖော်ညွှန်း

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်နှင့် မန္တလေးတို့အတွက် ဂုဏ်ယူဖွယ်နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်း ဆင်းပွဲအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်ရှိပြီဖြစ်ကြောင်း၊ ယနေ့အခမ်းအနားအစီအစဉ်သည် နယ်စပ်ဒေသ များတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင် မွေးထုတ်ပေးရေးဆိုသည့် နိုင်ငံတော်၏ဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့် အစီအစဉ် ဖြစ်သဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသမှ ကရင်တိုင်းရင်းသား မောင်စောတင်ချစ်လေး အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်နေဈာန်သန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ် မိုးဗြဲမြို့မှ ပဒေါင်တိုင်းရင်းသား မောင်ဝင်းလှိုင် ဌေးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး ကြိုးပမ်းစွမ်းဆောင် အောင်မြင်မှုများ

မောင်မောင်ဆွေ

မြန်မာနိုင်ငံ၌ အောင်မြင်မှုရရှိနေသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ဆောင်ချက်များနှင့် အောင်မြင်မှု အထောက်အထားများကို လေ့လာ ဖော်ထုတ်တင်ပြလိုသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်းကို တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကိုသာမက ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက်ပါ အကျိုးယုတ်စေသည်ဆိုသော ခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မဟာဗျူဟာနှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းမဟာဗျူဟာနှစ်ရပ်မှာ–

(က) မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန် အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ ဖြစ်သည်။

ယင်းမဟာဗျူဟာနှစ်ရပ် အောင်မြင်စေရေးအတွက် နည်းဗျူဟာ သုံးရပ်နှင့် နည်းနာနိဿယသုံးရပ်ကို ချမှတ်ပြီး ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသော နည်းဗျူဟာသုံးရပ်မှာ တားဆီးနှိမ်နင်းရေး၊ ထုတ်လုပ်မှု ပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး တို့ ဖြစ်ပြီး နည်းနာနိဿယသုံးရပ်မှာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက် စိတ်ဓာတ်မြင့်မားတိုးတက် ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေး နှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးဟူသော အချက်များဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိ ရောက်ရောက် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေးအတွက် မူးယစ် ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာ၌ သွက်သွက် လက်လက် မြန်မြန်ဆန်ဆန်ဖြစ်စေရေးအတွက် လုပ်ငန်းအဖွဲ့(၁၃)ဖွဲ့ ကိုလည်း ဖွဲ့စည်းတာဝန်ပေးထားသည်။

ထို့အပြင် ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး (၃၅/၉၈)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်မှုရရှိစေရေး အတွက် (၁၅) နှစ် စီမံကိန်းဖြင့် ၁၉၉၉–၂၀၀၀ ခုနှစ်မှ စတင်အကောင် အထည် ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာရန်"** လမ်းညွှန် မိန့်ကြားခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့က မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်းကို ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်း ကာလမှာ ၁၉၉၉ မှ ၂၀၁၄ခုနှစ်အထိဖြစ်သည်။ ယင်း (၁၅)နှစ်စီမံကိန်း ကို ငါးနှစ်စီမံကိန်းသုံးခုဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်နေခြင်းကြောင့် ယခုအခါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများသည် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုအရှိန်အဟုန် ပိုမိုတိုးတက်ရရှိခဲ့သည် ကို လေ့လာတွေ့ရှိရသည်။

မူးယစ်ဆေးဝါးပပျောက်ရေးကို မိမိနိုင်ငံတစ်နိုင်ငံတည်း အစီအစဉ် ဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၄ ခုနှစ် အခြေအနေကို ၂၀၀၃ ခုနှစ် အနေအထားနှင့်နှိုင်းယှဉ်ပါက ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ကို လေ့လာတွေ့ရှိရသည်။ ထို့အတူ လွန်ခဲ့သည့် ရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှုသည် ယခင် တန် ၂၅၆၀ မှ ယခု ၂၉၂ တန်သို့ ထိုးကျသွားခဲ့သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဘိန်းထုတ်လုပ်မှု သည် ၈၈ ရာခိုင်နှုန်းကျဆင်းသွားခြင်းပင်ဖြစ်သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းသွားခြင်းနှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုက ထုတ်ပြန်သော ၂၀၀၅ ခုနှစ် အမေရိကန်အစိုးရ၏ မူးယစ်ဆေးဝါးမဟာဗျူဟာဆိုင်ရာအစီရင်ခံစာ(US Government Drug Strategy)တွင် အထက်ပါအတိုင်း အတိအလင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (၁၅)နှစ် စီမံကိန်း အောင်မြင် ရေးအတွက် မိမိ၏ကိုယ်ပိုင်အင်အားဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် နေသည့်နည်းတူ ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများ(Sub-Regional Action Plan) ကို နားလည်မှုစာချွန်လွှာ ချုပ်ဆိုထားသည့် MoU ခြောက်နိုင်ငံပူးပေါင်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဒေသဖြစ်လာ စေရန်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် UNODC (United Nations Office on Drugs and Crime)၏ နည်းပညာ ပံ့ပိုးမှုကိုလည်း ရယူဆောင်ရွက်နေပေသည်။

ယင်း UNODCက ထုတ်ပြန်သည့် မြန်မာနိုင်ငံဘိန်းစိုက်ပျိုးထုတ် လုပ်မှုစစ်တမ်း (Myanmar Opium Survey 2004)တွင်"မြန်မာနိုင်ငံ သည် အရှေ့တောင်အာရှ၌ အဓိကဘိန်းစိုက်ပျိုးထုတ်လုပ်ရာ ဒေသ ဖြစ်သော ရွှေတြိဂံနယ်မြေ၏အချက်အခြာကျသည့် နေရာတွင်ရှိနေကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံသည်လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံအဖြစ် လူသိများခဲ့သည့် တိုင်အောင် ယခုအခါ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့ကျအောင် ဖွဲလုံ့လ ဖြင့် ထူးထူးခြားခြား ဆောင်ရွက်နေကြောင်း၊ ၁၉၉၀ ပြည့်လွန် ၁၉၉၆ ခုနှစ် ကာလများအထိ လေးငါးခြောက်နှစ်တွင် ဘိန်းစိုက်ဧရိယာ ဟက်တာ ၁၆၀၀၀၀ အထိရှိခဲ့ရာမှ ၂၀၀၄ ခုနှစ် မတိုင်မီအစောပိုင်းကာလတွင် ဘိန်းစိုက်ဧရိယာသည် ဟက်တာ ၄၄,၂၀၀ သာရှိပြီး ဘိန်းအများဆုံး ထွက်ရှိခဲ့သော ၁၉၉၆ ခုနှစ်ကထက် ၇၃ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ ထိုအခြေအနေအတိုင်း ဆက်သွားမည်ဆိုပါက ရာစုနှစ်တစ်ခုကျော် ကြာခဲ့သည့် ရွှေတြိဂံနယ်မြေဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသည် အဆုံးသတ် တော့မည့် အလားအလာကောင်းများရှိနေပြီဖြစ်ကြောင်း" ဖော်ပြထား သည်ကို လေ့လာတွေ့ရှိရသည်။

သို့ရာတွင်"မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲမွဲတေမှု ဒဏ်ခံနေရသော ဘိန်းစိုက်တောင်သူမိသားစုများအား ခြိမ်းခြောက် အန္တရာယ်ပြုနေသည့် လူမှုဘေးဒုက္ခများ မကျရောက်အောင်တားဆီး ကာကွယ်နိုင်ရေးအတွက် ဆက်လက်လုံးပန်းရဦးမည်ဖြစ်ကြောင်း"ဖြင့်လည်း ယင်းအစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသည်။

မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက် နေသည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းသည် ကုလသမဂ္ဂက လက်ခံအတည်ပြုသော ရည်မှန်းချက်ပန်းတိုင်ကိုဖြည့်ဆည်း ပေးနေခြင်း ပင် ဖြစ်သည်။ ကုလသမဂ္ဂက အတည်ပြုထားသည့် ဆုံးဖြတ်ချက်မူဘောင် များကိုလည်း မြန်မာနိုင်ငံက ခံယူကျင့်သုံးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာ၌ ဘိန်းနှင့်ဆက်စပ်နေသည့် ဝင်ငွေဆုံးရှုံးနေသူ မိသားစုများအတွက် အစားထိုး ဝင်ငွေများရရှိရေးအတွက် နိုင်ငံတကာအလှူရှင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုသည် လည်း မလွဲမသွေလိုအပ်မည်ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အခြားမှ အကူအညီရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိကိုယ်ပိုင်စွမ်းအားဖြင့်ပင် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် လုံးဝအောင်မြင်သည်အထိ ဦးလည်မသုန်ကြိုးပမ်း ထမ်းရွက်သွားရန် ခိုင်မြဲသည့်သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

[UNODC က ထုတ်ပြန်သည့် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ် မှုစစ်တမ်း (Myanmar Opium Survey 2004) နှင့် အခြားသတင်း အထောက်အထားများကို ကိုးကားရေးသားထားခြင်းဖြစ်ပါသည်။]

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံ များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက် ခြင်းကြောင့် အောင်မြင်မှုအရှိန်အဟုန် ပိုမိုတိုးတက်ရရှိခဲ့သည်ကို လေ့လာ တွေ့ရှိရသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) **Introducing Advanced Logic.(2nd Philosophy)**
  - (ခ) **Civil offences.(4th Law)**
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း–၃၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း–၁၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ခြင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ်တိုင်းရင်းသားလူမျိုးအသီးသီး ခံယူရမည့်သမိုင်းပေးတာဝန်ကြီးဖြစ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့မှ မွန်တိုင်းရင်းသား မောင်စိုးမိုးကျော်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်ဟိန်းဇေယျာအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကယားပြည်နယ် ဒီမောဆိုမြို့မှ ကယားတိုင်းရင်းသား မောင်ကျော်သူရအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၅ မှ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ညွှန်းခြင်းဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး ဟန်ချက်ညီညီနှင့် မျှမျှတတဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာစေရအောင် တိုင်းရင်းသားလူမျိုးများအားလုံးအပါအဝင် ထမ်းဆောင်နိုင်စေမည့် အခွင့်အလမ်းများ ရှိလာအောင် ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

သမိုင်းအစဉ်အဆက်တွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်အစိုးရက ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုများ ပေးနေသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ကလည်း တက်ညီလက်ညီ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်ကြရေးသည် အင်မတန်မှ အရေးပါလှကြောင်း၊ အထူးသဖြင့် မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသများတွင် တိုးတက်ဖြစ်ထွန်းနေစေရေးသည် အင်မတန်မှ ပဓာနကျသည့် အခန်းကဏ္ဍကပါဝင်လျက်ရှိနေကြောင်း။

အားလုံး မျက်မြင်ကိုယ်တွေ့

ယခုဆိုလျှင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ် သန်းပေါင်း ၆၈၆၃၇ ဒသမ ၆၆ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း၅၅၀ကျော် သုံးစွဲခဲ့ပြီးဖြစ်သဖြင့် နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အကောင်အထည်ပေါ်ဖြစ်ထွန်းနေပြီး နယ်စပ်ဒေသအားလုံး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေပြီဆိုသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မွန်မြတ်သော ရည်ရွယ်ချက်၊ ခိုင်မာသော ရည်မှန်းချက်နှင့် ကော်မတီများ အဆင့်ဆင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသကဲ့သို့ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုလာခဲ့သဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုကို ပိုမိုခိုင်မာလာစေခဲ့ကြောင်း၊ ဤအရှိန်အဟုန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရော နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖြစ်ပေါ်စေသဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသော မောင်းနှင်အားဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တစ်ရှိန်ထိုးဖွံ့ဖြိုးလာ

ယခုဆိုလျှင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ် သန်းပေါင်း ၆၈၆၃၇ ဒသမ ၆၆ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း၅၅၀ကျော် သုံးစွဲခဲ့ပြီးဖြစ်သဖြင့် နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အကောင်အထည်ပေါ်ဖြစ်ထွန်းနေပြီး နယ်စပ်ဒေသအားလုံးသည် တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာနေပြီ ဆိုသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့လည်း ဖြစ်ကြောင်း။

ဤသို့ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် မျှော်မှန်းပြီး နယ်စပ်ဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားလာစေရန်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မိမိတို့အထဲတွင် ပေါ်ထွန်းလာစေရန်အတွက် ဆက်လက်အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားခဲ့ရာမှာ-

"အချို့သော နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အတွင်းပိုင်းဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက် သာလွန်မြန်ဆန်နေတာကိုတွေ့ရတယ်။ နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှု သွက်လက်မြန်ဆန်တဲ့အလျောက် ရရှိဖြစ်ထွန်းနေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်တယ်။ ဒေသခံပြည်သူများ မိမိဘဝရပ်တည်နိုင်ပြီး လူနေမှုအဆင့်ဆင့် တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်း ပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် နယ်စပ် ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် တိုးတက်သွားစေဖို့ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးအတွက်ပါ စီမံဆောင်ရွက်သွားကြဖို့လိုတယ်"

ဟု လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ဤသို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ လူမှုရေးကဏ္ဍမှာအဓိကဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အရှိန်အဟုန်ဖြင့် မြှင့်တင် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ဒေသတိုင်းတွင် ပညာသင်ကြားမှု အခွင့်အလမ်း မြင့်မားလာစေရေးအတွက် အခြေခံကျောင်းများရော တက္ကသိုလ် ကောလိပ်များပါ တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းသည် နိုင်ငံတော်တွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွန်းရေးနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိနေကြောင်း။

တည်ဆောက်ဖွင့်လှစ်

ယနေ့အထိ နယ်စပ်ဒေသပညာရေးလုပ်ငန်းအတွက် ဘဏ္ဍာငွေကျပ် ၃၉၂၃ သန်းကျော် အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ရာတွင် မူလတန်းကျောင်း ၈၅၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် အထက်တန်းကျောင်း ၉၂ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနေပြီဖြစ်သဖြင့် နယ်စပ်ဒေသပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း၊ နိုင်ငံနှင့်အဝန်း အဆင့်မြင့်ပညာများ အလွယ်တကူ ဆည်းပူးနိုင်ရန်အတွက် တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပြည်နယ်၊ တိုင်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးများမှာပါ ဖွင့်လှစ်ထားပေးပြီးဖြစ်၍ နယ်စပ်ဒေသပညာရေးတွင် အခြေခံပညာကနေ အဆင့်မြင့်ပညာကို အရှိန်အဟုန်ဖြင့် တက်လှမ်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

အထူးသဖြင့် နယ်စပ်ဒေသများက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသော တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်အောင် နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်း ဖွင့်လှစ်ပေးထားပြီး လက်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူ၊ ကျောင်းသားပေါင်း ၂၄၁၀ကို သင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၁ကျောင်း ဖွင့်လှစ်ကာ သင်တန်းဆင်း တိုင်းရင်းသူ ၁၄၈၄၈ယောက် မွေးထုတ်ပေးခဲ့ပြီး လက်ရှိသင်တန်းသူ ၈၃၉ယောက်အား အိမ်တွင်းမှုသက်မွေးပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ ဤသို့ နယ်စပ်ဒေသမှာရှိသော ကျောင်းသားလေးများကို အထက်တန်းပညာအထိ သင်ကြားပေးရုံသာမက တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်အခါတွင် အဆင့်မြင့်ပညာများကို ဆက်လက်သင်ကြားခွင့်ရရှိအောင် ရန်ကုန်နှင့် မန္တလေးတို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို အသီးသီး ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ဤကောလိပ်များကနေပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာဘွဲ့ရရှိသူများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာတွင် ၂၀၀၂ ခုနှစ်တွင် အေဂျီတီအိုင် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၂၀ဦး၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၈၈ဦးနှင့် အေဂျီတီအိုင်အင်ဂျင်နီယာဒီပလိုမာရရှိသူ ၃၃ဦး၊ ၂၀၀၄ ခုနှစ်တွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရ ၇၂ဦးနှင့် အေဂျီတီအိုင် အင်ဂျင်နီယာဒီပလိုမာရရှိသူ ၄၃ဦး မွေးထုတ်ပေးနိုင်ခဲ့သဖြင့် ယခုဆိုလျှင် စုစုပေါင်း ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၁၆၀၊ အေဂျီတီအိုင်အင်ဂျင်နီယာဒီပလိုမာရရှိသူ ၉၆ဦး၊ ပေါင်း၂၅၆ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘွဲ့ရပြီးတဲ့အခါတွင်လည်း နယ်စပ်ဒေသများတွင် ဌာနဆိုင်ရာတာဝန်များကို တစ်ခါတည်းခန့်အပ်ပေးနေခြင်းဖြစ်ကြောင်း။

ထို့အပြင် ယခုနှစ်တွင်လည်း ရန်ကုန်ဒီဂရီကောလိပ်က ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၄၆ဦးနှင့်အေဂျီတီအိုင်အင်ဂျင်နီယာဒီပလိုမာရရှိသူ၂၆ဦး၊ မန္တလေးဒီဂရီကောလိပ်က ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၇၅ဦးနှင့်အေဂျီတီအိုင်အင်ဂျင်နီယာဒီပလိုမာရရှိသူ ၁၅ဦး၊ စုစုပေါင်း သင်တန်းဆင်း ကျောင်းသား၁၆၂ဦးကို ထပ်မံမွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယမန်နှစ်က ကျောင်းဆင်းခဲ့သည့် ကျောင်းသား ၁၁၅ဦးတို့ကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား
အရင်းအမြစ်များ ပေါင်းစပ်မိပါက



ပင်လုံမြို့၌ တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အား တွေ့ရစဉ်။ (သတင်းစဉ်)

▲ **ပင်လုံဒေသမှ**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၊ လွိုင်လင်ခရိုင်နှင့်ပင်လုံမြို့တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ထို့နောက် ပင်လုံမြို့၌ တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးလှမြင့်နှင့် ကြေးသွန်းပညာရှင် ဦးဝင်းမောင်တို့က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးသည့် ရာခိုင်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင်က စေတီတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှသန်းနှင့် အင်ဂျင်နီယာများက စေတီတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရုပ်လုံးပေါ်လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပင်လုံဒေသ၏ ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မှာ ယခုအခါ သပ်ရပ်ကြည်ညိုဖွယ် ရုပ်လုံးစတင်ပေါ်လာနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစည်းတလုံးတည်း ဖြစ်ထွန်းတည်ရှိနေခြင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးနေခြင်းမှာ ပင်လုံမြို့၌ ၁၉၄၇ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားခေါင်းဆောင်များ တစုတဝေးတည်း လာရောက်စုဝေး၍ အေးတူပူအမျှ စုစည်းနေထိုင်မည့် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေချပေးနိုင်ခဲ့၍ဖြစ်ကြောင်း။

အတိတ်သမိုင်းအရ သန္ဓေကောင်း၊ အစဉ်အလာကောင်းရှိခဲ့သော ဤပင်လုံဒေသ၌ သမိုင်းဝင် ပင်လုံကျောက်တိုင်နှင့် အနီးကပ်ဆက်စပ်၍ ဒေသအတွက် ကျက်သရေဆောင် ကိုးကွယ်ဆည်းကပ်ရာစေတီတော်ကြီးကို ခံ့ညားထည်ဝါစွာ ယခုကဲ့သို့ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဤကုသိုလ်ကောင်းမှုအစုစု၏အဖို့ပါကကြောင့် ပင်လုံဒေသ၌ စုစည်းခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်များအနက် ကွယ်လွန်သွားကြပြီဖြစ်သော ခေါင်းဆောင်များ ကောင်းရာသုဂတိလားစေရန်လည်း ရည်ရွယ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပင်လုံမြို့၌ တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ လွိုင်လင်ခရိုင်နှင့် ပင်လုံမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုမြှင့်တင်

ထို့ပြင် ပင်လုံဒေသ၏ ထူးခြားသော သမိုင်းအစဉ်အလာကောင်းကို ဂုဏ်ပြုသောအားဖြင့် ပင်လုံဒေသကို ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးရေးဒေသတစ်ခုအဖြစ် သတ်မှတ်ပြီးပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

ရည်ရွယ်ချက်မှာ ပင်လုံဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးလာစေရန်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ပင်လုံဒေသ၌ နိုင်ငံတော်က မတည်ထူထောင်ပေးထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရုပ်လုံးပေါ်ထွက်လာခြင်းဖြစ်ကြောင်း။

အတိတ်သမိုင်းကြောင်းအပေါ် အမှီပြု၍ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ဆက်စပ်ပြီး တိုင်းရင်းသားလူမျိုးများ ကောင်းရာကောင်းကျိုး၊ နိုင်ငံတော်တစ်ရပ်လုံး ကောင်းရာကောင်းကျိုးတို့အတွက် မိမိတို့နိုင်ငံတော်အပိုင်းက

ပင်လုံတက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ တည်ဆောက်ထူထောင်မှုများ ပြုလုပ်နေခြင်းကို ဒေသခံတိုင်းရင်းသားလူမျိုးအားလုံးက နားလည်လက်ခံ တန်ဖိုးထား၍ နိုင်ငံတော်၏ ရည်မှန်းချက်အားလုံး ပြီးမြောက်သည်အထိ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန်လိုကြောင်း။

ဆက်လက်တည်ဆောက်

တိုင်းရင်းသားလူမျိုးအားလုံး၏ စုစည်းမှုအားဖြင့် လွတ်လပ်ရေး ရယူနိုင်သကဲ့သို့ ယင်းစုစည်းညီညွတ်မှုအင်အားဖြင့်ပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို ဆက်လက် တည်ဆောက်သွားရမှာဖြစ်ကြောင်း။

အများပြည်သူကိုးကွယ်ဆည်းကပ်ရာ ဤမဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီးကို ခံ့ညားထည်ဝါစွာ ပြီးမြောက်အောင်မြင်အောင် တည်ဆောက်သကဲ့သို့ သမိုင်းအစဉ်အလာရှိပြီးဖြစ်သည့် ပင်လုံကျောက်တိုင်ကိုလည်း မူလလက်ရာမပျက် ထိန်းသိမ်းမွမ်းမံပြီး ကျောက်တိုင်ပတ်ဝန်းကျင်နှင့် မြေအနေအထားကိုလည်း သာယာခံ့ညားလှပအောင် တစ်ပါတည်းပြုပြင်ရန် လိုကြောင်းဖြင့် မှာကြားပြီး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်၏ လိုဏ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အလယ်ဌာပနာသွင်းလှူပူဇော်ရန်၊ ပန်းလယ်တိုင်စိုက်ထူရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ စေတီတော်ပတ်ဝန်းကျင်နှင့် ပင်လုံမြို့အနေအထားကိုလည်းကောင်း ကြည့်ရှုကြသည်။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကို ၁၃၅ပေအမြင့်ဆောင်မည့် စေတီတော်အဖြစ် တည်ထားနေခြင်းဖြစ်ပြီး ယခုအခါ စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ၈၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပင်လုံတက္ကသိုလ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်လုံတက္ကသိုလ်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တက္ကသိုလ်ခန်းမ၌ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြသရုပ်ပြများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးသာဦးက ပင်လုံတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ ဝန်ထမ်းအင်အားဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် နိုင်ငံတော်ကို ပညာရေးဖြင့် တည်ဆောက်လျက်ရှိသည့် ပင်လုံတက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက်ဆရာ၊ ဆရာမများနှင့် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသဖြင့် ဝမ်းသာရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပင်လုံဒေသအပါအဝင် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီး ကွက်လပ်မကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကျပ်သန်းပေါင်း ၆၈၀၀၀ကျော်

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးအထူးစီမံကိန်း ချမှတ်၍ ၁၉၈၉–၉၀မှ ယနေ့အထိ နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်းပေါင်း ၆၈၀၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ထို့အတူ ပြည်သူလူထုအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ မြို့ပြနှင့်ကျေးလက်အကြား ကွာဟမှုလျော့နည်းပပျောက်ရေးတို့အတွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ
တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိ
ရှင်းလင်းဆောင်၌ မြို့မိမြို့ဖများ၊
ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်မျာ
နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်
တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်
တိုင်း ၁၄ခု၌ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု တ
များကို အလေးထား ဆောင်ရွက်ပေးလု

ဝိုင်းဝန်းဆော

ဤဖွံ့ဖြိုးရေးလုပ်ငန်းများမှာ နိုင်င
တွက်ဆ လမ်းညွှန်မှုနှင့် တွန်းအားပေး
နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ
ရည်မှန်းချက်များကို နားလည်သဘော
အောင်မြင်ရေးအတွက် အောက်ခြေပိုင်းမှ
ကြရန် လိုအပ်ကြောင်း။

ခေါင်းဆောင်ပိုင်း၏ မှန်ကန်သော
ပိုင်း၏ အကောင်အထည်ဖော်မှုတို့ကို မှ
သွားနိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီး ဖွံ့
မိမိတို့အနေဖြင့် ကိုယ့်အားကိုယ်ကိုး၍
သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်
သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင်
ဖော်လျက်ရှိကြောင်း။

အစိုးရနည်းပညာကောလိပ်(ပင်

ည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် သဘာဝသယံဇာတ ပေါင်းစပ်မိပါက နိုင်ငံတော်သည် ခေတ်မီနိုင်ငံတော်ဖြစ်လာမည်မှာ မလွဲကေန်သေချာ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပင်လုံမြို့၌ တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဆက်စပ်အကောင်အထည်ဖော်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းပြီး ပြည်နယ်၊ တိုင်း ၁၄ခု၌ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု တိုးချဲ့သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ဤဖွံ့ဖြိုးရေးလုပ်ငန်းများမှာ နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆ လမ်းညွှန်မှုနှင့် တွန်းအားပေးမှုတို့အရ ပေါ်ထွက်လာခြင်းဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများကလည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အောက်ခြေပိုင်းမှနေ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခေါင်းဆောင်ပိုင်း၏ မှန်ကန်သောလမ်းညွှန်ဦးဆောင်မှုနှင့် အောက်ခြေပိုင်း၏ အကောင်အထည်ဖော်မှုတို့ကို မှန်ကန်စွာ သဟဇာတရှိရှိ ပေါင်းစပ်သွားနိုင်သည်နှင့်အမျှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာမှာသေချာကြောင်း၊ မိမိတို့အနေဖြင့် ကိုယ့်အားကိုယ်ကိုး၍ ကိုယ်ပိုင်လမ်းစဉ်အတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၌ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပညာတတ်လူငယ်များမွေးထုတ်နိုင်ရေးတို့အတွက် ပင်လုံဒေသအပါအဝင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု၌ တက္ကသိုလ်၊ကောလိပ်များ တည်ဆောက်ထူထောင်နေခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာအောင် ရည်မှန်းပြီး မိမိတို့၏ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ပညာသင်ကြားပေးသွားရန် အရေးကြီးကြောင်း၊ သာမန်သဘောမထားဘဲ နိုင်ငံတော်အတွက် ရည်မှန်းချက် မြင့်မြင့်မားမားထား၍ သင်ကြားပေးကြစေလိုကြောင်း၊ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍကိုလည်း နိုင်ငံတော်က လေးစားတန်ဖိုးထားပါကြောင်း။

ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါင်းစပ်မိပါက နိုင်ငံတော်သည် ခေတ်မီနိုင်ငံတော်ဖြစ်လာမည်မှာ မလွဲကေန်သေချာပါကြောင်း။

ပင်လုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ အပိုင်းကလည်း အခြားတက္ကသိုလ်များနှင့်အတူ ရင်ပေါင်တန်း၍ အောင်မြင်နေသည့်တက္ကသိုလ်ဖြစ်အောင် ကြိုးပမ်းစွမ်းဆောင်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါမောက္ခများ၊ နည်းပြများ၊ သရုပ်ပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကောလိပ်ခန်းမဆောင်၌ ဆရာ၊ဆရာမများနှင့် တွေ့ဆုံရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာခင်မျိုးထွန်းက အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ သင်ကြားရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ရှင်းလင်းမှာကြားပြီး ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)၏ တည်ဆောက်ဆဲ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

နည်းပညာကောလိပ်

ထိုမှတစ်ဆင့် အစိုးရနည်းပညာကောလိပ်(ပင်လုံ) သို့ ရောက်ရှိကြရာ ရှေးဦးစွာ ကောလိပ်ခန်းမဆောင်၌ ကျောင်းအုပ်ကြီး ဒေါက်တာခိုင်ခိုင်အေးက အစိုးရနည်းပညာ ကောလိပ်(ပင်လုံ) တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားမှု၊ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် လွိုင်လင်မြို့ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာခင်မျိုးထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(ပင်လုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

စုစည်းညီညွတ်မှုအင်အား

တိုင်းရင်းသားလူမျိုးအားလုံး၏ စုစည်းမှုအားဖြင့် လွတ်လပ်ရေး ရယူနိုင်သကဲ့သို့ ယင်းစုစည်းညီညွတ်မှုအင်အားဖြင့်ပင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမှာဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တောင်ကြီးတက္ကသိုလ် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ **စာမျက်နှာ ၉ မှ**

ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် လူနာဆောင်များ၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆရာဝန်ကြီးများက ရှင်းလင်းပြသကြသည်။

တောင်ကြီးတက္ကသိုလ်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဘွဲ့နှင်းသဘင်ခန်းမ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် တက္ကသိုလ်၏ စာကြည့်တိုက် စာကြည့်ခန်း၌ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာမောင်ကျော်က တောင်ကြီးတက္ကသိုလ်ကို ၁၅-၆-၆၁ ခုနှစ်တွင် တောင်ကြီးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့မှု၊ ၁၇-၈-၉၂ တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့မှုနှင့် ပညာသင်ကြားရေးဆိုင်ရာကိစ္စများ၊ တည်ဆောက်ရေးဆိုင်ရာကိစ္စများကို တင်ပြပြီး ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာ၌ ယနေ့ နိုင်ငံတော်၏ တက္ကသိုလ်များသည် ဘာသာရပ် စုံစုံလင်လင်သင်ကြားပေးနေသော ကျောင်းတော်ကြီးများဖြစ်ကြောင်း၊ ပညာခေတ်ရောက်ရှိလာသည်နှင့်အမျှ တက္ကသိုလ်များ၏ အခန်းကဏ္ဍနှင့်တာဝန်ပိုင်းသည် မြင့်မားလျက်ရှိကြောင်း။

ယခင်အချိန်က ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍအောက်၌ တက္ကသိုလ် ၁၄ ခုရှိရာမှ ယခုအခါ တက္ကသိုလ်ပေါင်း ၆၄ ခုအထိ အရေအတွက် အားဖြင့်တိုးတက်လာသကဲ့သို့ တက္ကသိုလ်ကျောင်းသားဦးရေမှာလည်း ၁ဒသမ၄ သိန်းခန့်မှ ၇ဒသမ၃ သိန်းခန့်အထိ မြင့်မားတိုးတက်လာကြောင်း။

နိုင်ငံတော်ရှိ တက္ကသိုလ်၊ ကောလိပ် ၁၅၆ ခုတို့၌ အဆင့်မြင့်ပညာသင်ကြားသူများပြားလာသည်နှင့်အမျှ အရေအတွက်မှ အရည်အချင်းသို့ တိုးတက်ပြောင်းလဲလာအောင်၊ ထူးချွန်ထက်မြက်သောပညာတတ် လူ့အရင်းအမြစ်များ တိုးပွားလာအောင် ကြိုးပမ်းကြရန်လိုကြောင်း။

ရှမ်းပြည်နယ် တစ်ခုတည်းကိုကြည့်လျှင် ယခင်က ပြည်နယ်၏ မြို့တော် တောင်ကြီးဒေသ၌သာ ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ရသော်လည်း ယခုအခါ ရှမ်း ပြည်နယ်ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ထူထောင်ပြီး လုပ်ပိုင်ခွင့်များ အံဝင်ခွင်ကျခွဲဝေအပ်နှင်း လိုက်သဖြင့် ယနေ့ရှမ်းပြည်နယ်သည် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဒေသအလိုက် အပြိုင်အဆိုင် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း။

တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး လူနာဆောင်များ၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီးပွားရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍပေါင်းစုံက တိုးတက်လာနေခြင်းဖြစ်ကြောင်း။

တန်းတူရည်တူ

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးမျှတစွာ တစ်ချိန်တည်း ဖွံ့ဖြိုးလာရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုလျော့နည်းရေးတို့ကို ဆောင်ရွက်နိုင်မှလည်း ပြည်ထောင်စုကြီး တင်းပြည့်ကျပ်ပြည့် ဖွံ့ဖြိုးတိုးတက်လာပြီး အခြားတိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံများနှင့် တန်းတူရည်တူ ရင်ပေါင်တန်း လိုက်နိုင်မှာဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာ နိုင်ငံတော်၌ ထူးချွန်ထက်မြက်သော ပညာတတ် လူ့အရင်းအမြစ်ရှိရန် လိုအပ်သကဲ့သို့ ဒေသအလိုက်လည်း ပညာတတ်များကို လုံလုံလောက်လောက် မွေးထုတ်နိုင်ရန်လိုကြောင်း။

ထို့ကြောင့် တိုင်းပြည်၏ အနာဂတ်နှင့် ယှဉ်ကြည့်လျှင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ပါမောက္ခများ၊ နည်းပြ၊ သရုပ်ပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးတက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါ အချက်အလက်များ သတိပြုပါ။

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန် များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။

(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားပါက ထိရောက်စွာအရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၇

စာရင်းစစ်ချုပ်ရုံး၏ ဝန်ထမ်းသားသမီးများအတွက် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ကျောင်းသားမိဘ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၃၁၉ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၂၁၄၀၀၀ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် ရှေးဦးပျူခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များ တူးဖော်တွေ့ရှိ

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း တွံတေးမြို့နယ် ပြသတိုက်အုပ်စု တံခွန်တိုင်ကျေးရွာနေ ဦးလှအုန်း(အသက် ၇၀နှစ်)သည် မေ ၁၅ရက်တွင် အိမ်၏ဖိနပ်ချွတ်တိုင်ဆွေးမြည့်နေသဖြင့်ဒေါက်ထောက်ရန်မြေကြီးတူးရာ အနက်တစ်ပေခွဲခန့်တွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်သုံးဆူကိုတွေ့ရှိရသည်။

စီဝရဟတ္ထ/ အဘယမုဒြာဟန်

ဥဏှိတော်အမြင့် ၂၅လက်မရှိ ပျူခေတ်ဦးဗုဒ္ဓရုပ်ပွားဆင်းတုတော် စီဝရဟတ္ထ/အဘယမုဒြာဟန်။
(ယဉ်ကျေးမှု)

ဥဏှိတော်အမြင့် ၁၆ လက်မခွဲရှိ ပျူခေတ်ဦး ဗုဒ္ဓရုပ်ပွားဆင်းတုတော် စီဝရဟတ္ထ/ အဘယမုဒြာဟန်။
(ယဉ်ကျေးမှု)

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါရုပ်ပွားတော်များကို သွားရောက်စစ်ဆေးကြည့်ရှုသောအခါ ရုပ်ပွားတော်များမှာ ရပ်တော်မူရုပ်ပွားတော်များဖြစ်ပြီး ကြေး/သတ္တုစပ် တစ်မျိုး မျိုးဖြင့်ပြုလုပ်၍ စဉ့်ရည်သုတ်ထားသော ရုပ်ပွားတော်များ ဖြစ်ကြောင်းတွေ့ရှိရသည်။

အရွယ်အစားများမှာ ဥဏှိတော် ၂၅လက်မ တစ်ဆူ၊ ၁၆လက်မခွဲတစ်ဆူနှင့် ၁၃လက်မခွဲတစ်ဆူ စုစုပေါင်း သုံးဆူ ဖြစ်သည်။ ရုပ်ပွားတော်သုံးဆူ၏ ဆံတော်များမှာ ခရုခွေပုံသဏ္ဌာန်ဖြစ်ပြီး မျက်နှာတော် လုံးလုံးသွယ်သွယ်ရှိ၍ မေးတော်ဝိုင်းသည်။ လည်ရေးသုံးဆင့်ပါသော်လည်း လည်ပင်းတော် အနည်းငယ်တိုသည်။ နားရွက်တော်မှာ နားပေါက်ကျယ်ပြီး ပခုံးတော်သို့မထိပေ။ ရင်ဘတ်တော်မှ ခါးအထိ ဖြောင့်တန်းသည်။ ကိုယ်လုံးတော်အချိုးအစားမှာ ရှည်မျောမျောဖြစ်သည်။ သင်္ကန်းတော်အလွန်ပါးလွှာသည်။ လည်ကုပ်တော်ပေါ်တွင် သင်္ကန်းတော်ရုံထားသောအရာကို တွေ့ရသည်။

ဘယ်လက်တော်တွင် သင်္ကန်းစကိုင်ထားဟန် တွေ့ရှိရ သည်။ ၂၅လက်မရုပ်ပွားတော်နှင့် ၁၆လက်မခွဲ ရုပ်ပွားတော် တို့၏ မုဒြာဟန်မှာ“စီဝရဟတ္ထ/အဘယမုဒြာ” ဟန်များ ဖြစ်ကြသည်။ ဥဏှိတော် ၁၃ လက်မခွဲ ရုပ်ပွားတော်၏ မုဒြာဟန်မှာ “စီဝရဟတ္ထ/ဝရဒမုဒြာ” ဟန် ဖြစ်သည်။ ခြေတော်လက်တော်များတွင် အရေးအကြောင်းများ တွေ့ရှိရသည်။

ရုပ်ပွားတော်သုံးဆူတို့၏ ဦးခေါင်းတော် အနောက်ဘက်တွင်ချိတ်တစ်ခုနှင့် ခြေဖဝါးတော်များ၏ အောက်ဘက်တွင် ငုတ်တစ်ခုစီပါရှိသည်။ ရုပ်ပွားတော်သုံးဆူ၏ ယေဘုယျလက္ခဏာများအရ ပျူခေတ်ဗုဒ္ဓရုပ်ပွားတော်များ ဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရသည်။ (သတင်းစဉ်)

ဥဏှိတော်အမြင့် ၁၃လက်မခွဲ ရှိ ပျူခေတ်ဦး ဗုဒ္ဓရုပ်ပွားဆင်းတုတော်စီဝရဟတ္ထ/ ဝရဒမုဒြာဟန်။
(ယဉ်ကျေးမှု)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှလှူဒါန်းသည့် ဘီးတပ် ကုလားထိုင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးရုံများသို့ ဘီးတပ်ကုလားထိုင်များ လှူဒါန်း

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၇၀၀တန်ဖိုးရှိ ဆေးရုံသုံးဘီးတပ်ကုလားထိုင်ခြောက်လုံးကို အဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာခင်သန်းဦးနှင့် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါက်တာ သက်သက်ဇင်တို့ပါဝင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီးတို့သို့ ဆေးရုံ တစ်ခုလျှင် ဘီးတပ်ကုလားထိုင် နှစ်လုံးကျစီ လာရောက်လှူဒါန်းသည်။ အဆိုပါ Singha Wheel Chair များကို သက်ဆိုင်ရာဆေးရုံအုပ်ကြီးများဖြစ်ကြသော ဒေါက်တာဖေဝင်း၊ ဒေါက်တာအေးဖေနှင့် ဒေါက်တာမြသောင်းတို့က လက်ခံ ယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၇

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့က ကြီးမှူး၍ ဇူလိုင်လတွင် ကျင်းပမည့် အဌမအကြိမ် အဖွဲ့သြဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ တွင် သင်္ကန်း ၂၅ စုံကပ်လှူရန်နှင့် ဧည့်ခံကျွေးမွေးရန်အတွက် အလှူငွေကျပ် ၁၈၀၀၀ကို အဒေါ် ဒေါ်ညိုနှင့်အစ်မကြီး ဒေါ်မြမြဝင်းတို့အားအမှူးထားပြီး အင်းစိန်မြို့ ဈေးကြီးရှေ့ရှိ ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးဝင်း ကုန်စုံဆိုင်မိသားစုက ဇွန် ၅ ရက်က ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများဖြစ်ကြသည့် ဦးယဉ်ကျော်၊ ဦးခင်မောင်စိုး၊ ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့် အမှုဆောင်များကလက်ခံရယူကြသည်။ **(ယာပုံ)**

ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၁၈၀၀ ဖြင့် လှူဒါန်းလိုသူများသည် ဦးသန်းထိုက်စိုး ဒုဈေးတာဝန်ခံအင်းစိန်ဈေးကြီး၊ ဒေါ်စုစုစံ (ဖူဂျီဓာတ်ပုံဆိုင်) ဖုန်း-၇၀၀၁၃၆ နှင့် ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်၊ ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့် အမှုဆောင်များထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၁)

ဗိုလ်တထောင်မြို့နယ် (၄၄) လမ်း အမှတ်(၂၉)နေ ဦးအောင်အောင်မော်- ဒေါ်မြင့်မြင့်ကြည်၊ သား ကောင်းလင်းထွန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ နဂါးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let' sGo
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ “ဒဟတ်ပန်းတစ်ခိုင်” (မင်းမော်ကွန်း၊မြသဥ္ဇာလီ) (ဒါရိုက်တာ- မောင်မောင်ဇော်ဝင်း)
- ၆:၀၀ ၉။ မြန်မာစာ၊မြန်မာစကား
- ၆:၁၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၂၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ (ရုပ်သေး) (မဟော်သဓာဇာတ်တော်ကြီး) (ပထမဆု)(ရန်ကုန်တိုင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅-ခုနှစ်၊ ဇွန်လ (၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၈၅၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စုပေါင်းဓာတ်ပုံရိုက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

⇨ **စာမျက်နှာ ၇ မှ**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနအချို့တွင်လည်း အလုပ် တာဝန်များ ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီသူများထဲက ၁၈ဦး၊ B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူများထဲက ၄၆ဦးတို့သည် ဆက်လက်ပညာသင်ယူနေပြီဖြစ်သကဲ့သို့ B.E သင်တန်းတက်နေသူ ခုနစ်ဦးလည်းရှိနေပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မဟာအရည်အချင်းစစ် သင်တန်းတက်ရန် အဆင့်မီသူ ၂၆ဦးနှင့် B.Tech သင်တန်းတက်ရန် အဆင့်မီသူ ၂၈ဦး မွေးထုတ်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဤသို့နယ်စပ်များက လူငယ်၊ လူရွယ်တွေ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်လျှင် နယ်စပ်ဒေသများတွင် နှစ်ပေါင်းရှည်ကြာစွာဆုံးရှုံးလာခဲ့ကြသည့် ပညာသင်ယူမှု အခွင့်အလမ်းများသည် မိမိတို့ခေတ်ကာလတွင် တစ်ရှိန်ထိုးပြန်လည် ပွင့်လင်းလာခဲ့ရုံသာမက အဆင့်မြင့်ပညာ သင်ယူနိုင်သည့် အခြေခံပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်တွေကိုဖော်ထုတ်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုနှစ် မေ ၃ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၇)သင်တန်းဖွင့်ပွဲ အခမ်းအနားမှာ လမ်းညွှန်မိန့်ကြားရာတွင်

"နိုင်ငံတော်တည်ဆောက်ရေးရဲ့ တူရူချက်ဟာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဖြစ်တယ်၊ အဲဒီတည်ဆောက်ရေးဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ မျိုးဆက်ပေါင်းများစွာတို့ရဲ့သမိုင်းပဲဖြစ်တယ်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါး ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မှာဖြစ်သလို ပြည်ထောင်စုကိုလည်းကာကွယ်နိုင်မှာဖြစ်တယ်၊ ဒို့တာဝန် အရေးသုံးပါးဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်တယ်"

ဟု မိန့်ကြားခဲ့သည့်အတိုင်း ဒီမိန့်ကြားချက်ကို မောင်တို့မမိုတ်မသုန် နားလည်ခံယူထားကြရမှာဖြစ်ကြောင်း။

အဖျက်အမှောင့်လုပ်ရပ်များ

ယခုအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်ထောင်စုပြိုကွဲစေရန် ရည်ရွယ်ကြံစည်အားထုတ်နေသည့် အဖျက်အမှောင့်လုပ်ရပ်များဟာ ပြည်ပပယောဂ၊ ပြည်ပဖိအားပေးမှုနှင့်ယှဉ်ပြီး လှုပ်ရှားလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ မည်သို့သောအဖျက်အမှောင့်လုပ်ငန်းများကို လုပ်ကြံဖန်တီးလုပ်ဆောင်နေကြစေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲ လက်တွဲပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်းလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သစ္စာရှိရှိ၊ သမာဓိရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်ရင်း အဖျက်အန္တရာယ်များ ကျဆုံးသွားစေရန်ကိုလည်း မောင်တို့ရိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြပါဟု မှာကြားလိုကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံကောင်းများကတစ်ဆင့် စိတ်ပိုင်းဆိုင်ရာအခြေခံကောင်းများ တစ်ပါတည်းဖြစ်ထွန်းလာစေရအောင် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတတ်သိကျွမ်းကျင်ရာ အသိပညာ၊ အတတ်ပညာစွမ်းပကားနှင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မောင်တို့ကို တစ်ဆက်တည်း မှာကြားလိုကြောင်း။

သမိုင်းပေးတာဝန်

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အဓိကအကျဆုံးလိုအပ်ချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ဟု နိုင်ငံတော်အစိုးရက မမိုတ်မသုန် ယုံကြည်ထားကြောင်း၊ ထို့အတူ တိုင်းရင်းသားအားလုံးကလည်း တညီတညွတ်တည်း ရှုမြင်ခဲ့သဖြင့်ငြိမ်းချမ်းရေးကြိုး ပမ်းချက်သည် အောင်မြင်လာခဲ့ကြောင်း၊ အချင်းချင်းယုံကြည်မှုနှင့် လက်တွဲကြိုးပမ်းခဲ့ကြသဖြင့် နယ်စပ်ဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုသည်သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာစွာ တည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုး အသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်ဆိုသည်ကို မောင်တို့ နားလည်ထားရန် အထူးလိုအပ်ကြောင်း။

ဓာတ်ပုံရိုက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ကောင်းများပါ ပေါ်ထွန်းလာနေပြီဆိုသည်ကို အထင်အရှားတွေ့မြင်နေကြပြီဖြစ်ကြောင်း၊ ထို့အပြင် ယနေ့သင်တန်းဆင်းကြသည့် လူငယ်များအပါအဝင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အစီအမံများနှင့် လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များသည် အလုပ်အကိုင် အခွင့်အလမ်းများအတွက် အခက်အခဲမရှိအောင် နိုင်ငံတော် အစိုးရအနေဖြင့် စီမံဖန်တီးပေးလျက်ရှိသည်ကို ကာယကံရှင်များ အသိဆုံးပင်ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များက သင်တန်းဆင်းကြသည့် တိုင်းရင်းသားလူငယ်များသည် မိမိတို့၏ နယ်စပ်ဒေသတွင် ပညာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေး ကဏ္ဍအမျိုးမျိုးတွင် စီမံခန့်ခွဲသူအဆင့်များနှင့် ပြန်လည်သွားရောက်ပြီး မိမိတို့ရပ်ရွာဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် လက်တွေ့ဦးစီးဆောင်ရွက်နိုင်သည့် အခွင့်အရေးများပါ တစ်ပါတည်း ရရှိဖော်ဆောင်ပေးနိုင်ကြမည် ဖြစ်ကြောင်း၊ ယနေ့ သင်တန်းဆင်းကြသည့် မောင်တို့အနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များနှင့် မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုး တိုးတက်စေရအောင် တီထွင်ကြံဆ လုံ့လဝီရိယစိုက်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီး၊ နီးနီးကပ်ကပ် ဆက်ဆံနေထိုင်ရင်း တိုင်းရင်းသား

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- **ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များက လေ့ကျင့်သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာတွေကိုအကျိုးရှိရှိထိုက်တန်စွာအသုံးပြုပြီး မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသအသီးသီးမှာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ဆောင်ရွက်သွားကြပါ၊**
- **ဒီဂရီကောလိပ်များက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ အစဉ်အလာကောင်းတွေကို မြဲမြံစွာထိန်းသိမ်းပြီး ပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ထွန်းကားရှင်သန်နေစေရအောင် ဦးဆောင်ဦးရွက်ပြုနိုင်တဲ့ စံနမူနာပြ ပုဂ္ဂိုလ်တွေအဖြစ် ကျင့်ကြံအားထုတ်သွားကြပါ၊**
- **နယ်စပ်ဒေသအသီးသီးမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများနဲ့ တစ်သွေးတည်း၊**

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ အင်ဂျင်နီယာ (AGTI) ဒီပလိုမာ ရရှိသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

➪ စာမျက်နှာ ၁၂ မှ

တစ်သားတည်းနေထိုင်ရင်း ပြည်သူများရဲ့ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရအောင် အားထုတ်ကြိုးပမ်း သွားကြပါ၊ နိုင်ငံတော်က ယုံကြည်စွာပေးအပ်လိုက်တဲ့တာဝန်တွေကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါလို့

တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ် လိုက်ပါကြောင်းဖြင့်မှာကြားသည်။

ထူးချွန်ဆုချီးမြှင့်

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၄–၂၀၀၅ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသမှ ကရင်တိုင်းရင်းသားမောင်စောတင်ချစ်လေး၊ သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ချင်းပြည်နယ်မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်နေဈာန်သန်းနှင့် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ ရှမ်းပြည်နယ် မိုးဗြဲမြို့မှ ပဒေါင်တိုင်းရင်းသား မောင်ဝင်းလှိုင်ဌေးတို့အားလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၄–၂၀၀၅ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကယားပြည်နယ်ဒီမော့ဆိုမြို့မှ ကယား တိုင်းရင်းသား မောင်ကျော်သူရ၊ သိပ္ပံဘာသာထူးချွန်ဆုရ ချင်းပြည်နယ်မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်ဟိန်းဇေယျာနှင့် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့မှ မွန်တိုင်းရင်းသားမောင်စိုးမိုးကျော်တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကိုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာ၊သိပ္ပံနှင့်အင်ဂျင်နီယာ(AGTI)ဒီပလိုမာရရှိကြသည့် ကျောင်းသားများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်နှင့် မန္တလေးပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ(AGTI) ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။ ရန်ကုန်နှင့် မန္တလေးပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသူများမှာ ရန်ကုန်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ ၂၅ဦး၊ သိပ္ပံဘွဲ့ ၂၁ဦးနှင့် အင်ဂျင်နီယာဒီပလိုမာ ၂၆ဦး စုစုပေါင်း ၇၂ဦးဖြစ်ပြီး မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ ၃၈ဦး၊ သိပ္ပံဘွဲ့ ၃၇ဦးနှင့် အင်ဂျင် နီယာ ဒီပလိုမာ ၁၅ဦး စုစုပေါင်း ၉၀ဦးဖြစ်ရာ ဒီဂရီကောလိပ်နှစ်ခုတို့မှ သင်တန်းဆင်းကြသူ စုစုပေါင်းမှာ ၁၆၂ဦးဖြစ်သည်။

ဝိဇ္ဇာဘွဲ့

ယင်းတို့အနက် ဝိဇ္ဇာဘွဲ့ရရှိကြသူများမှာ ကချင်တိုင်းရင်းသားတစ်ဦး၊ ကယားတိုင်းရင်းသား၁၁ဦး၊ ကယန်းတိုင်းရင်းသားနှစ်ဦး၊ ကရင်တိုင်းရင်းသားခုနစ်ဦး၊ ခူမီးတိုင်းရင်းသားနှစ်ဦး၊ ချင်းတိုင်းရင်းသားခြောက်ဦး၊ ခမီတိုင်းရင်းသားတစ်ဦး၊ နာဂတိုင်းရင်းသားငါးဦး၊ ပလောင်တိုင်းရင်းသားလေးဦး၊ ပအိုဝ်းတိုင်းရင်းသားသုံးဦး၊ မွန်တိုင်းရင်းသားနှစ်ဦး၊ မြိုတိုင်းရင်းသားနှစ်ဦး၊ ရခိုင်တိုင်းရင်းသားခုနစ်ဦး၊ ရှမ်းတိုင်းရင်းသားသုံးဦး၊ လီဆူးတိုင်းရင်းသားတစ်ဦး၊ “ဝ”တိုင်းရင်းသားနှစ်ဦး၊ သက်တိုင်းရင်းသား သုံးဦးနှင့် အခါတိုင်းရင်းသားတစ်ဦး စုစုပေါင်းဝိဇ္ဇာဘွဲ့ရ ၆၃ဦးတို့ဖြစ်ကြသည်။

သိပ္ပံဘွဲ့

သိပ္ပံဘွဲ့ရရှိကြသူများမှာ ကချင်တိုင်းရင်းသားတစ်ဦး၊ကယားတိုင်းရင်းသားလေးဦး၊ ကယန်းတိုင်းရင်းသားနှစ်ဦး၊ ကရင်တိုင်းရင်းသားနှစ်ဦး၊ ခူမီးတိုင်းရင်းသားနှစ်ဦး၊ ချင်းတိုင်းရင်းသား၁၂ဦး၊ ခမီတိုင်းရင်းသားတစ်ဦး၊ ဓနုတိုင်းရင်းသားနှစ်ဦး၊ နာဂတိုင်းရင်းသားသုံးဦး၊ ပလောင်တိုင်းရင်းသားလေးဦး၊ ပအိုဝ်းတိုင်းရင်းသားသုံးဦး၊ မွန်တိုင်းရင်းသား တစ်ဦး၊ မြိုတိုင်းရင်းသားတစ်ဦး၊ ရခိုင်တိုင်းရင်းသားခုနစ်ဦး၊ ရှမ်းတိုင်းရင်းသားခုနစ်ဦး၊ လားဟူတိုင်းရင်းသားနှစ်ဦး၊ သက်တိုင်းရင်းသားတစ်ဦး၊ အခါတိုင်းရင်းသားနှစ်ဦးနှင့် အင်းသားတိုင်းရင်းသားတစ်ဦးစုစုပေါင်း သိပ္ပံဘွဲ့ရ ၅၈ဦးတို့ဖြစ်ကြသည်။

အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသူများမှာ ကချင်တိုင်းရင်းသားတစ်ဦး၊ ကယားတိုင်းရင်းသားတစ်ဦး၊ ကယန်းတိုင်းရင်းသားနှစ်ဦး၊ ချင်းတိုင်းရင်းသား သုံးဦး၊ ဓနုတိုင်းရင်းသားသုံးဦး၊ နာဂတိုင်းရင်းသားတစ်ဦး၊ ပလောင်တိုင်းရင်းသားသုံးဦး၊ ပအိုဝ်းတိုင်းရင်းသား လေးဦး၊ ပဒေါင် တိုင်းရင်းသားတစ်ဦး၊ မွန်တိုင်းရင်းသား ရှစ်ဦး၊ ရခိုင်တိုင်းရင်းသားရှစ်ဦး၊ ရှမ်းတိုင်းရင်းသားလေးဦးနှင့် အင်းသားတိုင်းရင်းသား နှစ်ဦးစုစုပေါင်းအင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသူ ၄၁ဦးတို့ဖြစ်ကြသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှအကြို ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်း နှစ်ယောက်တွဲ ရွှေတံဆိပ်ရရှိ သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယရရှိ

ရန်ကုန် ဇွန် ၇

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပသော အရှေ့တောင်အာရှ အကြိုပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမား အောင်ချိုမြင့်(ပြည်ထဲရေး)၊ စည်သူလင်း (ပြည်ထဲရေး)၊ မင်းမင်းနိုင်(လယ်/ဆည်)၊ ရာဇာထွန်း(လယ်/ဆည်)တို့လေးဦးနှင့် အုပ်ချုပ်သူ ဗိုလ်ကြီးကျော်ဇင်မိုး၊ နည်းပြ ဦးသိန်းဌေးတို့သွားရောက်၍ နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲ နှစ်မျိုးပါဝင်ယှဉ်ပြိုင်ကြရာ အမျိုးသားနှစ်ယောက်တွဲ (Double)နှင့် သုံးယောက်တွဲ(Regu)ဗိုလ်လုပွဲများကို ယနေ့ယှဉ်ပြိုင်ကစားကြသည်။

ဗိုလ်လုပွဲနှစ်ပွဲစလုံး မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ နှစ်ယောက်တွဲ (Double)ပြိုင်ပွဲတွင် အောင်ချိုမြင့်နှင့် စည်သူလင်းအတွဲက မလေးရှားကို ၂၁မှတ်–၁၉မှတ်၊ ၂၁မှတ်–၁၈မှတ်ဖြင့် နှစ်ပွဲပြတ်နိုင်ပြီး ပထမရွှေတံဆိပ်ဆု ရရှိသည်။

သုံးယောက်တွဲ(Regu)ပြိုင်ပွဲတွင် မြန်မာအသင်းမှ အောင်ချိုမြင့်၊ စည်သူလင်းနှင့် ရာဇာထွန်း တို့အတွဲက မလေးရှားကို ၁၉မှတ်–၂၁မှတ်၊ ၁၈မှတ်–၂၁မှတ်ဖြင့် နှစ်ပွဲပြတ်ရှုံးပြီး ဒုတိယငွေတံဆိပ်ဆုရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၆–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ယဉ်ကျေးမှုတက္ကသိုလ်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	ကော်ဖီစိုက်ပျိုးဝင်ငွေတိုး
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ရှင်နှောင်းကျောင်းရောက်ပြီ
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	၂၀၀၅ ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ
၉း၁၅	မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့်ရတနာဈေး
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	လူသုံးအများဆုံးအိမ်သုံးလျှပ်စစ်မော်တာ
၁၀း၃၀	အနုပညာကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ဆုန်သင်းပါရ်နှင့်တွေ့ဆုံခြင်း)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ ဗိုလ်တထောင် အထက(၆)၌ သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ စီစဉ်မှုအရ အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန တို့၏ ပူးပေါင်းညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများသည် ယနေ့ မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ပိုက်ကျော်ခြင်း သရုပ်ပြပွဲကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၃)အခြေခံ ပညာ ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထက(၆) ဗိုလ်တထောင်မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ဆရာမများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ကျောင်းသား၊ လူငယ်များနှင့် အားကစားသမားများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပိုက်ကျော်ခြင်းသရုပ်ပြသရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌက ပိုက်ကျော်ခြင်းအားကစား အထောက်အကူပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသားများက ပိုက်ကျော်ခြင်း သုံးယောက်တွဲ (Regu)နှင့် နှစ်ယောက်တွဲ(Double) ပြိုင်ပွဲများ သရုပ်ပြယှဉ်ပြိုင်ကစားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်သွား

ရန်ကုန် ဇွန် ၇

၂၀၀၅ခုနှစ် ဇွန် ၇ရက်နေ့ မြန်မာစံတော်ချိန် (၀၉)နာရီ (၅၈)မိနစ် (၂၈)စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် (၂၈၉)မိုင်ခန့် ကွာဝေးသော ဘင်္ဂလားပင်လယ်အော်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၄ဒသမ၇) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်

ရိယဒ် ဇွန် ၇

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲများကို ယနေ့(ဗုဒ္ဓဟူးနေ့)တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာရှဇုန် ခြေစစ်ပွဲဝင်အသင်းများအနက် အုပ်စု(က)တွင် ထိပ်ဆုံးမှရပ်တည်နေသော ဆော်ဒီအာရေဗျအသင်းသည် လေးပွဲကစားခဲ့ရာတွင် ရှုံးပွဲမရှိခဲ့ဘဲ ရှစ်မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံ ရီယဒ်မြို့ရှိ ဘုရင်ဖာ့ဒ်နိုင်ငံတကာ အားကစားကွင်း၌ ကျင်းပမည့်ပွဲတွင် အိမ်ရှင်အသင်းသည် ဧည့်သည် ဥဇဘက်ကစ္စတန်အသင်းကို အနိုင်ရရှိမည်ဆိုပါက ခြေစစ်ပွဲ အောင်ရန် သေချာမည်ဖြစ်သည်။

အုပ်စု(က)

အာရှဇုန်အုပ်စု(က)တွင် ဒုတိယနေရာ၌ရှိနေသော တောင်ကိုရီးယားနိုင်ငံ အသင်းသည် ဧည့်သည်အသင်းအဖြစ် ကူဝိတ်နိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ပြီး တောင်ကိုရီးယားအသင်းသည် ခြေအသာဖြင့် ကစားနိုင်ဖွယ်ရှိသော်လည်း ကူဝိတ်က အိမ်ရှင်အဖြစ် အနည်းဆုံး သရေကျအောင် ကစားဖွယ်ရှိသည်။

အာရှဇုန်၏ ခြေစစ်ပွဲဝင်အသင်းများအနက် အင်အားအကောင်းဆုံး အနေအထားဖြင့် ရပ်တည်နေသောအသင်းမှာ အီရန်နိုင်ငံအသင်းဖြစ်သည်။ အာရှဇုန် အုပ်စု(ခ)ခေါင်းဆောင် အီရန်အသင်းသည် ဘာရိန်းနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သရေကျအောင်ကစားရုံမျှဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ဂျပန်အနိုင်ရခဲ့

ဂျပန်နှင့် မြောက်ကိုရီးယားတို့၏ ခြေစစ်ပွဲကိုမူ ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ ဆူပါချာလာဆိုင်း အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ကစားခဲ့ရစဉ်က ဂျပန်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ရိုက်တာ)**

စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၇

ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန၏ ပါမောက္ခဒေါက်တာ ခင်စန်းရီက Strategies for Self-Development ခေါင်းစဉ်ဖြင့် ဟောပြောသည့် Self-management ဆိုင်ရာဟောပြောပွဲတစ်ရပ်ကို ဇွန်၄ရက်(စနေနေ့)က Grand Plaza Park Royal (Yangon) တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲကို တူဒေးစာအုပ်တိုက်မှ စီစဉ်မှု၊ AMBO Hotel Group, Randaxy Laboratories Ltd (Revital)နှင့် Zin9 Trading, Industrials, Export & Import Co., Ltd. (Mettler Toledo) တို့၏ပံ့ပိုးကူညီမှုတို့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲကို အလုပ်ခွင်အသီးသီးမှ ရာထူးအဆင့်ဆင့် မန်နေဂျာများ အနေဖြင့် ကိုယ်ပိုင်အရည်အချင်းကောင်းများကို လေ့ကျင့်ပျိုးထောင်တတ်စေရန်နှင့် ထိုအရည်အချင်းကောင်းများကို လုပ်ငန်းခွင်ဘဝအတွက် လက်တွေ့ကျကျ အသုံးချနိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ရာထူးအဆင့်ဆင့် မန်နေဂျာပေါင်း ၂၅၀ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ပါမောက္ခဒေါက်တာခင်စန်းရီ ရေးသားသော တူဒေးစာအုပ်တိုက်မှ မကြာမီ ဖြန့်ချိတော့မည့် စာအုပ်သစ်ဖြစ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အမေးအဖြေများစာအုပ်အပါအဝင် တူဒေးစာအုပ်တိုက်ထုတ် စာအုပ်အချို့ကို ၁၀ရာခိုင်နှုန်းလျှော့နှုန်းဖြင့် ရောင်းချပေးခဲ့သလို ပံ့ပိုးကူညီသော ကုမ္ပဏီများကလည်း လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ယခုဆွေးနွေးပွဲမှာ ၂၀၀၅ခုနှစ် အတွင်း ကျင်းပခဲ့သည့် ဒုတိယမြောက်ပွဲဖြစ်သည်။ (က–ပ)

အမှတ်(၈–A) နတ်စင်လမ်း ကျောက်မြောင်း တာမွေမှ ဦးသောင်းညွန့်–ဒေါ်ကြင်လှိုင်က ငွေကျပ်တစ်သိန်းကို မြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ စာရင်းစစ်လုပ်ငန်းစစ် ခေါင်းဆောင် ဒေါ်သန်းချို ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

✡ ရှေ့ဖုံးမှ

အစဉ်အလာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုရှင်သန်ကြီးထွားလာ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု အပြန်အလှန်အကျိုးဖြစ်ထွန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ကျွန်တော်တို့ နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်စွာနှင့် ရင်းနှီးစွာ ဆက်ဆံလာသည့် အစဉ်အလာကောင်းကို ထိန်းသိမ်းခဲ့ကြပြီး ၁၉၅၀ပြည့်နှစ်တွင် သံတမန်အဆက်အသွယ် ထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြားဆက်ဆံမှုဟာ ပိုမိုတိုးတက်ခိုင်မာလာခဲ့ပါသည်။

ပြီးခဲ့သည့် (၅၅)နှစ်တာကာလအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်အပေါ် အခြေခံသည့် နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်မြဲခဲ့သည့် "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးသည် ပိုမိုရှင်သန်ကြီးထွားလာခဲ့ပြီး နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုသည်လည်း ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကာ အပြန်အလှန် အကျိုးဖြစ်ထွန်းစေလျက်ရှိပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်လာခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေလျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များအတွင်း ဆက်လက်တိုးတက်သွားမည်ဟု ကျွန်ုပ် ခိုင်မာစွာယုံကြည်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်လက်ကြီးပွားတိုးတက်ကာ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

လွန်ခဲ့သည့် (၅၅)နှစ်မှစတင်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို လေးစားလိုက်နာခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ ပေးပို့သည့်သဝဏ်လွှာ–

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်ဆက်သွယ်မှု(၅၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရက်မြတ်အခါသမယတွင် အကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ၊ ပြည်သားအပေါင်းထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပင်လုံမြို့၌ တည်ထားလျက်ရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



ပင်လုံဒေသ၏ ထူးခြားသော သမိုင်းအစဉ်အလာကောင်းကို ဂုဏ်ပြု ပင်လုံဒေသကို ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးရေးဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ ရည်ရွယ်ချက်မှာ ပင်လုံဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးလာစေရန်ဖြစ်

ရန်ကုန် ဇွန် ၇

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇွန် ၅ ရက် နံနက် ၈နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့မှ ပင်လုံမြို့သို့ ရောက်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲